www.burmeseclassic.com



ဒေါက်တာအရှင်ဓမ္မပိယ(ပါမောက္ခ)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

# တွေးစိတ်များရဲ့ နောက်ကွယ်မှာ

www.burmeseclassic.com

www.burmeseclassic.com

# တွေးစိတ်များရဲ့ နောက်ကွယ်မှာ

ဒေါက်တာအရှင်ဓမ္မပီယ (USA)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ တွေးစိတ်များရဲ့နောက်ကွယ်မှာ ၆

၂။ သန္ဒီးခင်းလမ်းပေါ်မှ လျှောက်လှမ်းခဲ့ပါ ၃၄

BURMESE CLASSIC .com

## တွေးစိတ်များရဲ့ နောက်ကွယ်မှာ

အရင်တစ်ပတ်က အတွေးအမြင်နှင့် စပ်ပြီး ဆောင်းပါးလေးတစ်ပုဒ် ရေးဖြစ်ခဲ့တယ်။ ရှိသမျှ email လိပ်စာလေးနဲ့ ဖြန့်လိုက်ရတာဆိုတော့ ရသူလည်းရ၊ မရသူလည်း မရဖြစ်ခဲ့တယ်။ ထိုဆောင်းပါးလေးကို ဖတ်ရသူများက အတွေးချင်း တိုက်ဆိုင်သွားလို့ ထင်ပါရဲ့၊ ဆောင်းပါးကို ဖတ်ရလို့ ကျေနပ်မိပါကြောင်း စာရေးလာကြတယ်။

ဒီအတွက် အနောက်တိုင်း ယဉ်ကျေးမှုနဲ့ အညီ တုံ့ပြန်စကား ပြောရမယ်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



**"Thank you"** ပေါ့။ အားပေးလို့ ဆက်ရေးနေခြင်းမျိုးတော့ မဟုတ်ပါ။ အတွေးနဲ့ပတ်သက်ပြီး ရေးစရာလေးတွေ နောက်ထပ်ပေါ်လာလို့ ရေးလိုက်တာ။

အတွေးဆိုတာ မှန်တာတွေ ရှိသလို၊ မှားတာတွေလည်း ရှိနိုင်တယ်ဆိုတော့ မိမိတွေးတဲ့ အတွေးကို ပြန်လည်သုံးသပ်နိုင်မယ်ဆိုရင် အမှားနည်းပြီး၊ အကျိုးဖြစ်ထွန်းနိုင်တာကို ကိုယ်တိုင်သဘောပေါက်လာမှာပါ။ မိမိတွေးတဲ့အတွေးပေါ်မှာ ပြန်လည်တွေးတတ်တဲ့ အလေ့အကျင့်မျိုးဆိုတာ လေ့ကျင့်ယူမှ ရနိုင်တာ။ "အတွေးများရဲ့နောက်ကွယ်မှာ ..." ဘာတွေ ဖြစ်လာနိုင်သလည်းဆိုတာ ဂဃဏန မသိနိုင်ပေမဲ့ ကိုယ်တွေးတဲ့အတွေးကို မှန်၊ မမှန် ပြန်လည်တွေးခြင်းဖြင့် ကုသိုလ်စိတ်တွေကို ဖြစ်ခွင့်ပေးစေချင်လို့ပါ။



အတွေးဆိုတာ မကျေနပ်တဲ့အခါမှာ တွေးတဲ့ အတွေမျိုးတွေရှိသလို၊ ကျေနပ်တဲ့အခါမှာ တွေးတဲ့ အတွေးမျိုးတွေလည်း ရှိတယ်။ မုန်းလို့ တွေးတာ၊ ချစ်လို့ တွေးတာ၊ မဖြစ်ချင်လို့ တွေးတာ၊ ဖြစ်ချင်လို့ တွေးတာ - စတဲ့အတွေးမျိုးစုံရှိတယ်။ ဘယ်နည်းနဲ့ပဲ တွေးတွေး တခါတရံမှာ အတွေးရဲ့ နောက်ကွယ်မှာ သံသယစိတ်တွေ၊ အာဃာတစိတ်တွေ၊ ချစ်စိတ်တွေ၊ မုန်းစိတ်တွေ၊ မနာလိုစိတ်တွေ၊ ဝန်တိုစိတ်တွေ ပါဝင်နေတတ်တယ်။ သတိပြုနိုင်ဖို့ပါ။

အတွေးစိတ်များရဲ့ နောက်ကွယ်မှာ ထင်သာမြင်သာမရှိတဲ့ ပုံရိပ်တွေနဲ့ မပီဝိုးတဝါးဖြစ်နေတဲ့ စိတ်တွေလည်းရှိနေတတ်တယ်။ မုန်းစိတ်တွေ (သို့မဟုတ်) ချစ်စိတ်တွေ လွန်ကဲနေတဲ့ လူတစ်ယောက်ဟာ မနက်ဖြန်ခါအတွက် သူ့ဘဝမှာ ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှ ကြိုတင် မသိနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုရင် မနက်ဖြစ်ခါဆိုတဲ့ အချိန်ဟာ မရေရာတဲ့အချိန်ကာလ တစ်ခုဖြစ်နေလို့ပါ။

အတွေးစိတ်နဲ့ သာယာလှပတဲ့ဘဝတစ်ခုကိုဖန်တီးနိုင်သလို အတွေးစိတ်ကြောင့်လည်း သာယာလှပတဲ့ဘဝကြီး တစ်ခုလုံးပျက်စီးသွားနိုင်တယ်။ ဒါကြောင့် တွေးတဲ့အခါ မှုမှုတတ တွေးတတ်ဖို့တော့ လိုပေလိမ့်မယ်။ ဒီလိုမှမဟုတ်ဘူးရင် ချစ်ခင်စိတ်နဲ့တွေးရင် ချစ်ခင်တဲ့သူကို ကြီးပွားချမ်းသာစေချင်သလို၊ မုန်းစိတ်နဲ့တွေးရင် မုန်းတဲ့သူကို ပျက်စီးစေချင်တဲ့ စိတ်တွေနဲ့ ဖြစ်နေတတ်တယ်။

ဒါပေမဲ့ ချစ်စိတ်၊ မုန်းစိတ်တွေရဲ့ နောက်မှာ ဘာတွေ ဖြစ်လာနိုင်တယ်ဆိုတာကိုတော့ လူအတော်များများ တွေးမထားကြဘူး။ ဒီနေရာမှာ သာဓကလေးတစ်ခုကို တင်ပြပါရစေ။

မိန်းမငယ်လေးတစ်ယောက်ရဲ့ စတိုရီလေးတစ်ခု။ သူချစ်သူအပေါ်မှာ နာကျည်းစိတ်တွေ



ဖြစ်နေတဲ့အချိန်မှာ မထင်မှတ်ပဲ သူ့ချစ်သူကို လမ်းတစ်ဖက်က ပလက်ဖောင်းပေါ်မှာ အခြားသူတစ်ယောက်နဲ့ အတူတွဲ လမ်းလျှောက်နေတာကို မြင်ရတော့ စိတ်ထဲမှာ နာကျည်းလွန်းလို့ ကိုယ်တိုင်မောင်းနှင်လာတဲ့ကားနဲ့ တိုက်သတ်ပစ်ချင်တဲ့ အတွေးတွေ ပေါ်လာတယ်။

ဒါပေမဲ့ အတွေးစိတ်ရဲ့နောက်ကွယ်မှာ ဘာတွေဖြစ်လာမလဲဆိုတာ သူ ဘယ်စဉ်းစားနိုင်မလဲ။ ဒါကြောင့် ချက်ချင်းဆိုသလို တစ်ဖက်လမ်းကို ဖြတ်ကူးဖို့ ကားကို ရုတ်တရက် ချိုးကွေ့လိုက်တယ်။ ကားကို ချိုးအကွေ့မှာ တဖက်မှ အရှိန်ပြင်းစွာ မောင်းနှင်လာတဲ့ ကားနဲ့တိုက်ပြီး အဲဒီနေရာမှာပဲ ပွဲချင်းပြီး သေဆုံးသွားခဲ့တယ်။ မိန်းကလေးတစ်ယောက်ရဲ့ ရင်နင့်ဖွယ်အဖြစ်အပျက်။ စိတ်အတွေးရဲ့ အဆင်အခြင်မဲ့ပုံကို မှန်းဆကြည့်လို့ ရနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့အတွေးမှာ သူကိုယ်တိုင် သေဖို့မဟုတ်ပါ။ မုန်းသူတွေကို သေစေချင်လို့ တမင်ကို ကားနဲ့တိုက်သတ်တာ။ ဒါပေမဲ့ သူ့အတွေးရဲ့ နောက်ကွယ်မှာ ဖြစ်လာမဲ့အန္တရာယ်တွေကို သူသတိမမူနိုင်ဘူး။ ဒါကတော့ ပုထုဇဉ်လူသားတို့ရဲ့ အားနည်းချက်တစ်ခုလို့ ဆိုရမှာပါ။

ပုထုဇဉ်တွေဆိုတာ ကိုယ်ဖြစ်ချင်တာလောက်သာ တွေးတတ်ကြတာ။ ကိုယ်လုပ်ချင်တာလောက်သာ စဉ်းစားတတ်ကြတာ။ တရားမျှတခြင်း။ မမျှတခြင်းကို တွေးနိုင်သူက ခပ်ရှားရှားပါ။ "ပညာရှိ သတိဖြစ်ခဲ" မို့ စဉ်းစားနိုင်အောင် ပြောရခြင်းပါ။

အတွေးစိတ်တွေဆိုတာ မတွေးတတ်ရင် အကုသိုလ်စိတ်တွေ ဖြစ်ရုံတင်မက အန္တရာယ်တွေပါ ကျရောက်နိုင်တာ။ ဘုရားရှင်လက်ထက်က သာဓကလေး တစ်ခုပါ။ ဘုရားရှင်လက်ထက်က



မြတ်စွာဘုရားရဲ့ ဦးရီးတော်လည်းဖြစ်၊ ယောက္ခမလည်းဖြစ်တဲ့ သုပ္ပဗုဒ္ဓမင်းဟာ တူလည်းတော်၊ သမက်လည်းတော်တဲ့ မြတ်စွာဘုရားအပေါ်မှာ "ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေနိုင်"အောင် ဖြစ်နေခဲ့တဲ့ကိစ္စ။ သူ့ဘက်က ကြည့်ရင်လည်း ဘုရားအပေါ်မှာ သူနာကြည်းမယ်ဆိုလည်း နာကြည်းလောက်စရာပါ။

"မယားထိ ဓားကြည့်" ဆိုတဲ့ လောကအဆိုရှိသလို၊ သမီးထိတော့ ဓားလောက်နဲ့ မရနိုင်တော့ပဲ စစ်ခင်းလိုတဲ့အထိ ဖြစ်နေတဲ့သဘောပါ။ သူ့အတွက် ထိန်းမရနိုင်တဲ့ နာကြည်းစိတ်တွေဟာ ဒီရေအလား၊ မုန်တိုင်းအလားဖြစ်နေတာ။ ဒါသမုန်တိုင်းတွေဟာ မိုးအသွင်ပြောင်းပြီး၊ သူ့စိတ်တွေဟာ ပိတ်သဲမဲမှောင်နေတဲ့ မိုးမုန်တိုင်းကြီးပမာပ

သူ့သမီးလေး သွေးနုနု၊ သားနုနု အချိန်မှာ ကိုယ့်တစ်ဖို့ကိုသာ ကြည့်ပြီး ဖခင်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ တာဝန်ကိုမယူပဲ ကိုယ်လွတ်ရုန်းပြီး တောထွက်သွားတဲ့ ဘုရားလောင်းသိဒ္ဓတ္ထကို သူ ဘယ်လိုနည်းနဲ့ ခွင့်လွှတ်နိုင်မှာလဲ။

တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို နောက်ထပ် မကျေနပ်စရာ အကြောင်းတစ်ခုက ထပ်မံ ပေါ်လာပြန်တယ်။ (ဘုရားရဲ့) သာသနာတော်အတွင်း ဝင်ရောက်လာတဲ့ သူ့သား ဒေဝဒတ်ကို သင့်တော်တဲ့ ရာထူးဌာနန္တရမပေးပဲ ရန်သူလို သဘောထား ဆက်ဆံနေတဲ့ကိစ္စ။

ဒီအကြောင်းနှစ်ချက်က သူ့အတွက် "ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေနိုင်"အောင် စိတ်အစဉ်မှာ လွှမ်းမိုးနေတာ။ သူ့အတွက်တော့ သနားစရာပါ။ သူ့အတွေးစိတ်ကို အခြေခံပြီး ပြုမူလိုက်တဲ့ သူ့ရဲ့ကာယကံ၊ ဝစီကံတွေက လူ့သမိုင်းမှာ သူ့အတွက် အမဲစက်ကြီးတစ်ခုကို ထင်ကျန်ရစ်ခဲ့စေတာ။ ဒေါသစိတ်ဖြစ်လာရင် အကြောင်းအကျိုးကို မဆင်ခြင်နိုင်တော့တာဟာ ဓမ္မတာပါ။



အစွန်းရောက်တဲ့ အာဃာတတရားတွေ ဖြစ်နေတော့ ခွင့်လွှတ်နိုင်ဖို့ နေနေသာသာ ဖြစ်နိုင်မယ်ဆိုရင် သူ့သားနဲ့သမီးအတွက် တစ်ခုခုကို လုပ်ပြစ်ချင်လောက်အောင် နာကြည်းစိတ်တွေက ဖြစ်နေတာ။ သားနဲ့သမီးအတွက် ဘုရားအပေါ်မှာ နာကြည်းလွန်းလို့ မြတ်စွာဘုရားကို သေတဲ့နေ့အထိ အတိုက်အခံ ပြုသွားခဲ့တာ။

တစ်နေ့မှာ မြတ်စွာဘုရား ဆွမ်းစားကြွတော်မူမည့် ခရီးလမ်းကို ပိတ်ဆို့ခဲ့တဲ့ အကုသိုလ်ကံက သူ့ကိုယ်သူ အဆုံးစီရင် ပေးလိုက်သလို ဖြစ်သွားခဲ့ရတာ။ ဖြစ်ပုံက မြေမျိုခံသွားရခြင်းပါ။ ဒီဖြစ်ရပ်ကို ဉာဏ်နဲ့သုံးသပ်ကြည့်ရင်တော့ သံဝေဂတရားများ ပွားလောက်စရာပါ။ ဒါပေမဲ့ ...။

သံဝေဂ တရားမပွားနိုင်သူက သားဖြစ်သူ ဒေဝဒတ်။ ကြည့်ပါဦး။ အဖေဖြစ်သူ သုပ္ပဗုဒ္ဓ မြေမျို

www.burmeseclassic.com

www.burmeseclassic.com



ခံရတာ လပိုင်းမှ မကြာသေး။ သူ့အား လာဘ်လာဘ တွေ ဆိတ်သုဉ်းလာလို့ ဘုရားရှင်ကို ဝတ္ထုငါးမျိုး ပြပြီး သံဃာကို သင်းခွဲလိုတဲ့ အတွေးတွေ ဖြစ်လာတယ်။

အကြံအစည်ကို အကောင်ထည်ဖော်နိုင်ဖို့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ယုတ်မာတဲ့ အကြံနဲ့ လျှောက်ထားတယ်။ "ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရားက သံဃာတော်များအား အလိုနည်းကြဖို့၊ ရောင့်ရဲကြဖို့၊ ခေါင်းပါးတဲ့အကျင့်ကို ကျင့်ကြဖို့၊ ဓူတင်အကျင့်တွေကိုကျင့်ကြဖို့ အကြိမ်ကြိမ်အခါခါ တိုက်တွန်းတော်မူပါတယ်။

ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရားသည် သံဃာတော်များကို အသက်ထက်ဆုံး ဓူတင်အကျင့်ထဲမှာပါတဲ့ တောရ ဆောက်တည်တဲ့အကျင့် (အာရညိကဓုတင်)၊ ဆွမ်းခံစားတဲ့အကျင့် (ပိဏ္ဍပါတိကဓုတင်)၊ ပံ့သုကူသင်္ကန်းကိုသာ ဝတ်ရုံတဲ့အကျင့် (ပံ့သုကူလိကဓုတင်)၊ ကျောင်းကို အမှီမပြုပဲ သစ်ပင်ရင်း၌သာ နေတဲ့ အကျင့် (ရုက္ခမူလဓုတင်) ဤဓုတင်လေးမျိုးနဲ့ ရဟန်းတော်များအား ရာသက်ပန် သက်သတ်လွတ်စားတဲ့ အကျင့်၊ ဤဝတ္ထုငါးမျိုးကို ရာသက်ပန်ကျင့်သုံးရန် ပညတ်ချိန်တန်ပါပြီ၊ ပညတ်ပေးတော်မူပါ အရှင်ဘုရား"တဲ့။

ဒီတော့ မြတ်စွာဘုရားက "မသင့်တော်ဘူး ဒေဝဒတ်၊ ရဟန်းတော်များ သာသနာဘောင်မှာ ချမ်းသာစွာ နေကြပါစေ။ တောမှာပဲ နေနေ၊ မြို့မှာပဲ နေနေ၊ ဆွမ်းခံစားလိုက စား၊ ပင့်ဖိတ်သူရှိလို့ ပင့်ဖိတ်ဆွမ်းကို စားလိုက စား၊ ပံ့သုကူသင်္ကန်းကို မဝတ်မရုံပဲ နေလိုက နေ။ ကျောင်းနဲ့ နေလိုက နေ၊ ခွင့်ပြုထားတဲ့ သားငါးကို စားလိုက စား (သို့မဟုတ်) သက်သတ်လွတ်ကို စားလိုက စား၊ ဒီအတွက် ငါဘုရား ရဟန်းတော်များအား တင်း



www.burmeseclassic.com

www.burmeseclassic.com



ကျပ်တဲ့ ပညတ်တော်များကို မပညတ်လို” ဟု မိန့်တော်မူခဲ့တယ်။

ဒေဝဒတ်ဟာ ဘုရားစကားကို အကြောင်းခံပြီး သံဃာကို သင်းခွဲခဲ့တယ်။ နောက်ဆုံးတော့လည်း သူလည်းပုထုဇဉ်ပဲမို့ သူပြုတဲ့ကံဟာ မြေမျိုခံရမှ မှားမှန်းသိသွားတဲ့သဘောပါ။ တချို့လည်း သေမှပဲ ကိုယ့်အမှားကို မှားမှန်းသိသွားကြတာ။ ဩော်... ပုထုဇဉ်... ပုထုဇဉ်... မိုက်တွင်းကို အနက်ဆုံး တူးနိုင်သူများလို့ ဂုဏ်တင်ပြောရလေမလားမသိ။

အထက်ပါ ဖြစ်ရပ်များကို သေသေချာချာ တွေးကြည့်ပြန်တော့ အဖြစ်က တကယ်ကို ရင်နင့်ဖွယ် ဖြစ်ရပ်ပါ။ သူတို့တတွေ အားလုံးဟာ တစိမ်းတရံတွေမှ မဟုတ်ကြတာ။ ဖြစ်ချင်တော့ နားကြည်းတဲ့စိတ်က အာဃာတတရားကို တိုးပွား။ အာဃာတတရားတွေက လူစိတ်တွေကို ရှုးသွပ်



အောင်လုပ်။ ရှူးသွတ်တဲ့စိတ်နဲ့ ထင်တိုင်းလုပ်တော့ ကုစားလို့မရနိုင်တဲ့ အမှားမျိုးတွေကို ကျူးလွန်ဖြစ်ပြီပေါ့။

အမုန်းသည်ဘဝနဲ့ အမုန်းဝန်ကိုထမ်းပြီး အမုန်းဆိုတဲ့ ခရီးကြမ်းကြီးကို လျှောက်လှမ်းနေတဲ့ ခရီးသည်ရယ်။ ဘယ်အထိများ အာဃာတတရားတွေနဲ့ ဆက်လက်ပြီး လျှောက်လှမ်းမှာလဲလို့ စာနာစိတ်နဲ့ မေးလိုက်ချင်ပါရဲ့။

သူ့အမြင်နဲ့သူတော့ လုပ်သင့်လို့ လုပ်နေတယ်လို့ထင်နိုင်ပေမဲ့ အများအမြင်မှာတော့ ဝဋ်ကြွေးတွေပဲ ရှိနေလို့လား၊ ကံတွေကပဲ ဆိုးနေလို့လား။ အတိတ်က တင်ရှိခဲ့တဲ့ ရန်ငြိုး၊ ရန်စတွေကပဲ မကုန်နိုင်သေးလို့လား။ သင်အတွက် ဝေခွဲပေးဖို့ ခက်လိုက်တာ ကံခေတဲ့ ခရီးသည်ရယ်။ ဖခင်တစ်ယောက်က သားသမီးများအပေါ် မှာထားရှိတဲ့ အဆုံးအစမရှိတဲ့ မေတ္တာတရားမျိုးကို သက်သေထူ

www.burmeseclassic.com

www.burmeseclassic.com



ပြနေတာလားလို့ တရားသူကြီးတစ်ယောက်သာ ဖြစ်ခဲ့မယ်ဆိုရင် သားအဖနှစ်ယောက်ရဲ့ အမှုအတွက် လျှောက်လွှဲချက်ပေးနေတဲ့ရှေ့နေအား ဝင်ကူလို့ မေးလိုက်ချင်ပါရဲ့။

ဖြစ်ချင်ရာတွေ မဖြစ်ရလို့ အတွေးမှားသည့် သာဓကတွေလည်း များစွာရှိနေသေးတယ်။ လူ့ဘဝမှာ ချစ်ခြင်း၊ မုန်းခြင်းတွေ ရှိနေသေးသမျှ ကာလပတ်လုံး အမုန်းဆိုတဲ့ အသီး၊ အပွင့်တွေ ရှိနေဦးမှာပဲ။ မုန်းလို့ တစ်ယောက်ကို တစ်ယောက် အပြစ်တင်ကြသလို၊ ချစ်လို့လည်း တစ်ယောက်ကို တစ်ယောက် အပြစ်တင်တတ်ကြသေးတယ်။

အပြစ်တင်ခြင်းမျိုးဆိုတာ ပုထုဇဉ်တို့ကစားလေ့ကစားထရှိတဲ့ Game (ကစားနည်း) တစ်မျိုးလို့ပဲ ဆိုပါရစေ။ အပြစ်တင်တဲ့ အလုပ်ဟာ မကောင်းတဲ့ အလုပ်မျိုးဖြစ်ပေမဲ့ တခါတရံမှာတော့ အကျိုးဖြစ်ထွန်းသွားတာလေးတွေကိုလည်း တွေ့ရတတ်



သေးတယ်။ အပြစ်တင်တဲ့အလုပ်မျိုးဆိုတာ ပုထုဇဉ်တို့ရဲ့ အလေ့အကျင့်လို့ထင်ရပေမဲ့ သောတာပန်လို အရိယာပုဂ္ဂိုလ်မျိုးတွေမှာလည်း ဖြစ်နေတတ်တာမျိုးမို့ အံ့အားလည်းသင့်မိပါရဲ့။

ဒီနေရာမှာ ဒီသာဓကလေးကို တင်ပြပါရစေ။ ဓမ္မပဒဝတ္ထုမှာ "ဦးပြည်းကတုံးတွေ"လို့ ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရဟန်းငယ်လေးနဲ့ မြေးမလေးတို့ ငြင်းခုံမှုဖြစ်ကြတဲ့အခါမှာ မြေးမဖက်က ဘက်လိုက်ပြီး ရဟန်းငယ်ကို အပြစ်တင်ခဲ့တဲ့ သောတာပန်ကျောင်းအမကြီးဝိသာခါရဲ့ဖြစ်ရပ်က သက်သေပြုစရာတစ်ခုအနေနဲ့ သမိုင်းမှာ ကျန်ရစ်နေခဲ့တာ။

မြေးငယ်ရာဟုလာကို သင်္ကန်းဝတ်ပေးလိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘုရားရှင်ကို အပြစ်တင်ခဲ့မိတဲ့ ခမည်းတော်ကြီး သုဒ္ဓေါဒနမင်းကြီး ဖြစ်ပုံကလည်း သမိုင်းမှာ ထင်ကျန်ရစ်ခဲ့ပြန်တယ်။ လောကထဲမှာ နေသူတွေအားလုံး ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



(အပြစ်တင်ခြင်း) ဆိုတဲ့ လောကဓံမျိုးတွေဟာ လူတိုင်းပဲ မလွဲမသွေ ကြုံရမယ်ဆိုတဲ့အချက်ပါ။

တစ်ခါတစ်ရံမှာတော့ အတွေးက မှန်ပေမဲ့ သက်ရောက်မှုအကျိုးက အများစုအပေါ်မှာ (သို့မဟုတ်) အနည်းစုအပေါ်မှာ မသက်ရောက်ပဲ ဖြစ်နေတာမျိုးတွေလည်း ရှိနေတတ်တယ်။ မြတ်စွာဘုရားလို သဗ္ဗညုတ ဉာဏ်တော်ပိုင်ရှင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ ဘာကိုပဲ လုပ်လုပ်၊ ဘာကိုပဲပြောပြော ဉာဏ်တော်ရှေ့သွားပြုပြီး ပြုလုပ်တဲ့ပုဂ္ဂိုလ်မျိုးသည်ပင် အပြစ်တင်ခံရမှုမျိုးမှ မလွတ်ကင်းနိုင်သေးလျှင် သာမန်လူသားတွေအတွက် အပြစ်တင်ခံရခြင်းဟာ ဖြစ်ရိုးဖြစ်စဉ်ပါလို့ နှလုံးသွင်းနိုင်ဖို့ပါ။

မြေးတော်လေးရာဟုလာကို ရှင်သာမဏေ ပြုပေးတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘုရားရှင်အပေါ်မှာ သုဒ္ဓေါဒနမင်းကြီး မကျေနပ်နိုင်ပါ။ ဖြစ်ပုံက မိခင်



ဖြစ်တဲ့ ယသော်ဓရာတိုက်တွန်းလိုက်လို့ ရွှေအိုးကြီးလေးလုံးကို ဘုရားထံမှ အမွေရနိုင်ဖို့ မြတ်စွာဘုရားရဲ့ သင်္ကန်းစွန်းကိုဆွဲပြီး ကျောင်းကို လိုက်ပါလာခဲ့တဲ့ သားတော်ရာဟုလာအား မြတ်စွာဘုရား သင်္ကန်းဝတ်ပေးလိုက်တဲ့ကိစ္စ။

မြတ်စွာဘုရားရဲ့အတွေးက - ရွှေအိုးကြီးလေးလုံးကို သားတော်ရာဟုလာအား အမွေဥစ္စာအဖြစ် ပေးခဲ့မယ်ဆိုရင် အစမရှိ အဆုံးမရှိတဲ့ သံသရာကြီးထဲမှာလည်ပြီး ဆင်းရဲဒုက္ခတွေ ရောက်မယ်။ ဒီလိုတွေးပြီးတော့ လောကီအမွေကို မပေးပဲ ဓမ္မအမွေကို ပေးလိုတဲ့အနေနဲ့ (၇) နှစ်သားအရွယ်ရှိသေးတဲ့ သားတော်ရာဟုလာအား သင်္ကန်းဝတ်ပေးလိုက်တယ်။

ဒီသတင်းကို သုဒ္ဓေါဒနမင်းကြီး ကြားတော့ သူ့မြေးကို ပြန်ခေါ်ဖို့ ဘုရားကျောင်းတော်ကို အပြေးလိုက်လာတယ်။ ဒါပေမဲ့ သူ့ကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်တော့ မြေးရာဟုလာကို သင်္ကန်းဝတ်လေးနဲ့ တွေ့လိုက်ရတယ်။ မြေးလေးကို ပြန်ပြီး ခေါ်ယူလို့ ရလိုရငြား ဘုရားထံသွားပြီး လျှောက်ထားကြည့်ပေမဲ့ မရနိုင်မှန်းသိတော့ မြတ်စွာဘုရားကို သူ လျှောက် ထားတယ်။ လျှောက်ထားပုံကြားရတော့လည်း ကရုဏာသက်စရာပါ။

"ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာ ဘုရား၊ အရှင်ဘုရားသိအောင် ပြန်လည် လျှောက် ထားရရင် အရှင်ဘုရားငယ်စဉ်က ပုဏ္ဏားတော် များက အရှင်မင်းကြီးရဲ့ သားတော်လေးဟာ ဘုရား ဖြစ်ရင်ဖြစ်၊ ဘုရား မဖြစ်ရင် စကြာဝတေးမင်းကြီး ဖြစ်လိမ့်မယ်လို့ လျှောက်တင်လာတဲ့ နိမိတ်စကား ကို အမှတ်ထားပြီး အရှင်ဘုရားကို စကြာမင်းကြီး ဖြစ်ဖို့အရေး စတင် အကောင်အထည် ဖေါ်ခဲ့တယ်။

အရှင်ဘုရား တောမထွက်နိုင်အောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နေပြည်တော်ကြီးကို တံတိုင်း



သုံးထပ်ကာရံထားပြီး အစောင့်တွေကို ထူထဲစွာ ချထားခဲ့တယ်။ ဒါပေမဲ့ အရှင်ဘုရားဟာ အစောင့် အကြပ်တွေကြားကပဲ တောထွက်သွားခဲ့လို့ တပည့် တော် အကြီးအကျယ် စိတ်ဓာတ်တွေကျခဲ့တယ်။

ဒါပေမဲ့ နန်းတော်မှာ ကျန်နေသေးတဲ့ သားငယ်နန္ဒမင်းသားကို အရှင်ဘုရားကိုယ်စား အစားထိုးပြီး အားကိုးခဲ့တယ်။ ဖြေသာတဲ့နည်းနဲ့ ဖြေခဲ့ရတယ်။ ဒါပေမဲ့ အရှင်ဘုရားဟာ သားငယ်ကို နန်းတော်ထဲကနေ တပည့်တော်ကို အသိမပေးပဲ ဆွဲထုတ်သွားခဲ့ပြန်တယ်။ သူ လက်ထပ်ခါနီးဆဲဆဲ အချိန်လေးမှာ အရှင်ဘုရားက သူ့ကို ကျောင်းတော် ကို ခေါ်သွားပြီး သင်္ကန်းဝတ်ပေးလိုက်ပြန်တယ်။ တပည့်တော် အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရပြန်တယ်။

ဒါပေမဲ့ တပည့်တော် အတတ်နိုင်ဆုံး ကြိုးစားပြီး ဖြေသိမ့်ခဲ့ပါတယ်။ သားတော်နှစ်ပါး မရှိတော့ပေမဲ့ နန်းတွင်းမှာ မြေးတော်လေး ရာဟုလာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိသေးလို့ တော်သေးရဲ့လို့ ဖြေသိမ့်ရင်း တပည့်တော်ရဲ့ အပူတွေကို သက်သာရာ ရစေခဲ့တယ်။ မြေးတော်လေးကိုပဲ ထီးနန်းကို စိုးစံစေပြီး မြေးအဖိုးနှစ်ယောက် ကပိလဝတ်နိုင်ငံတော်ကြီးကို တိုးတက်သာယာအောင် ပြုကြမယ်ပေါ့။

ဒါပေမဲ့ ဘုရား အရှင်ဘုရားက အခုတစ်ခါ ဒီမြေးလေးကိုပါ နန်းထဲက ဆွဲထုတ်ပြီး သင်္ကန်းဝတ်ပေးလိုက်တော့ တပည့်တော် ဘယ်လိုလုပ်ဖြေနိုင်တော့မှာလဲ ဘုရား"တဲ့။ စကားကို ခဏရပ်ပြီး ဆက်လက်လျှောက်ထားတယ်။

"တပည့်တော်လို အဖေအိုကြီးကို အရှင်ဘုရား နည်းနည်းလောက်တော့ ငဲ့ညှာသင့်ပါတယ်ဘုရား။ နောက်ဆုံးအနေနဲ့ အရှင်ဘုရားကို တပည့်တော် လျှောက်ထားပါရစေဘုရား။ နောက်များဆိုရင် တပည့်တော်ကဲ့သို့ ဘယ်မိဘမျိုးမှ သားသမီးများအတွက် ပူပန်သောကတွေ မဖြစ်ရလေ



အောင် မိဘနှစ်ပါးက ကျေကျေနပ်နပ် ခွင့်ပြုတဲ့ သားသမီးမျိုးကိုသာ အရှင်ဘုရား ရှင်ရဟန်းပြုပေးဖို့ အရှင်ဘုရားအား လျှောက်ထားတောင်းပန်ပါရစေဘုရား"တဲ့။

ဖခင်ရဲ့လျှောက်ထားချက်ကို ဘုရားက အသိအမှတ်ပြု ပေးလိုတာကြောင့် "ရဟန်းတို့ မိဘနှစ်ပါးက ခွင့်မပြုတဲ့ သားသမီးများကို ရှင်ရဟန်းပြုမပေးရ"လို့ သိက္ခာပုဒ်တော်ကို ပညတ်တော်မူခဲ့တယ်။ ဒီနေရာမှာ စဉ်းစားမိတာက အပြစ်တင်ခြင်းဟာ လောကသဘောအားဖြင့်ကြည့်ရင် မကောင်းဘူးလို့ ထင်ရပေမဲ့ ဓမ္မရှုထောင့်ကနေကြည့်ပြန်တော့ အကျိုးဖြစ်ထွန်းနေတာကို တွေ့ရပြန်တယ်။

ဒီတော့ စေတနာနဲ့ ပြောလာတဲ့ စကားမျိုး၊ မေတ္တာနဲ့ ပြောလာတဲ့စကားမျိုးကို အပြစ်တင်တယ်လို့ ပြောမလား၊ အပြစ်ကို (သို့မဟုတ်) အပြစ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ထင်ရတဲ့အရာကို သိအောင် ပြောလာတယ်လို့ ဆိုမလား စဉ်းစားနိုင်ဖို့ပါ။

အတွေးဆိုတာ စိတ်ထဲမှာသာ ထင်သာမြင်သာ ရှိပေမဲ့၊ အတွေးသက်သက်နဲ့တော့ အလုပ်မဖြစ်ပါဘူး-လို့ ပြောဆိုတဲ့ စကားမျိုးတွေလည်း ကြားဖူးကြပါမှာ။ အတွေးဆိုတာ သူ့သက်သက်ကိုတော့ တန်ဖိုးရေးပြလို့ မရနိုင်ပေမဲ့၊ ထိုဖြစ်ပေါ်လာတဲ့အတွေးကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရင် အတွေးကြောင့် ဖြစ်ပေါ်လာတဲ့ ရလဒ်ကို တန်ဖိုးရေးပြလို့ ရနိုင်တာပေါ့။

ဖြစ်ပေါ်လာတဲ့အတွေးကို စနစ်တကျ အကောင်အထည်ဖော်နိုင်ကြလို့ တချို့ သူဌေးကြီးတွေ ဖြစ်သွားကြတာ။ တချို့ ပညာရှင်ကြီးတွေ ဖြစ်သွားကြတာ။ တချို့ သူကောင်းတွေ ဖြစ်သွားကြတာ။ တချို့ ပုဂ္ဂိုလ်များဆို ဘုရားတောင် ဖြစ်သွားကြတာ။ ဒီနေရာမှာ နိဗ္ဗာန်ဆိုတဲ့အမြိုက်တရားကို



လက်ရှိ ရသေ့ဘဝမှာပဲ သူယူချင်ရင်ယူနိုင်လျှက်နဲ့ မယူပဲ သုမေဓာရှင်ရသေ့တွေးဆပုံလေးက - "ငါကဲ့သို့သော ယောကျ်ားမြတ်ဟာ သတ္တဝါတို့ကို ကယ်တင်နိုင်ပါလျှက်နဲ့ မကယ်တင်ပဲ တစ်ယောက်တည်းအလွတ်ရုန်းပြီး နိဗ္ဗာန်ကို ယူခဲ့လျှင် သင့်တော်ပါမလား" တဲ့။

အဲဒီအတွေးကို အခြေခံပြီး ရသေ့ဘဝနဲ့ နိဗ္ဗာန်ကိုမယူပဲ၊ ဘုရားအဖြစ်နဲ့ သတ္တဝါတွေ ကယ်တင်နိုင်ဖို့ ပါရမီတော်တွေကို ဖြည့်ကျင့်တော်မူခဲ့တယ်။ ဒါဟာ အတွေးမှရလာတဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးလို့ ဆိုရမှာပါ။

အတွေးကို အခြေခံပြီး တရားတိုးတက်စေတဲ့ သာဓကတွေလည်း ရှိတယ်။ တစ်ခါက အတွေးကြောင့် တရားအတက်နှေးနေတဲ့ ရှင်အနုရုဒ္ဓါမထေရ်ရဲ့ အဖြစ်လေးကို ကြည့်ရအောင်။ ရှင်အနုရုဒ္ဓါမထေရ်ဆိုတာ ဒိဗ္ဗစက္ခုအဘိညာဉ် ရထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်။ ဒိဗ္ဗစက္ခုအဘိညာဉ်အရာမှာ တေဒင်္ဂဘွဲ့ထူး ရထားတဲ့ပုဂ္ဂိုလ်။ ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာ စကြာဝဠာ တစ်ထောင်ကို အာရုံပြုပြီးကြည့်လိုက်ရင် စကြာဝဠာအတွင်းမှာ ဖြစ်ပျက်နေတဲ့ အရာအားလုံးကို မြင်နိုင်တယ်။

မွေးလာတဲ့ပုဂ္ဂိုလ်၊ သေသွားတဲ့ပုဂ္ဂိုလ်တွေကိုလည်း မြင်တယ်။ သေပြီးတဲ့ပုဂ္ဂိုလ် ဘယ်ရောက်သွားတယ်ဆိုတာကိုလည်း မြင်တယ်။ သေလုဆဲဆဲ ပုဂ္ဂိုလ်တွေရဲ့စိတ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာလည်း မြင်တယ်။ ဒါပေမဲ့ သူမှာ အတွေးစိတ်တွေက များနေတော့ ရဟန္တာအဖြစ်ကို မရနိုင်အောင် ဖြစ်နေတယ်။

ဒါကြောင့် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်ပြီး မေးလျှောက်တယ်။ "အရှင်ဘုရား တရားအားထုတ်နေတဲ့ တပည့်တော်မှာ သတိတွေလည်း ကောင်းနေပါတယ်။ ဝီရိယတွေလည်း ကောင်း



နေပါတယ်။ သမာဓိတွေလည်း ကောင်းနေပါတယ်။ သမာဓိအစွမ်းဖြင့် ဒိဗ္ဗစက္ခု အဘိညာဉ်ကိုပင် ရထားသူဖြစ်ပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်ဟာ ရဟန္တာမဖြစ်နိုင်အောင် ဖြစ်နေပါတယ်ဘုရား။ တပည့်တော်မှာ ဘာတွေများ မှားနေတယ် ဆိုတာကို မိန့်ကြားတော်မူပါဘုရား" လို့ လျှောက်ထားတယ်။

ဒီတော့ ရှင်သာရိပုတ္တရာမထေရ်က ရှင်အနုရုဒ္ဓါမထေရ်ရဲ့ သန္တာန်မှာ မထင်မရှား ဖြစ်နေတဲ့ သိမ်မွေ့တဲ့အကုသိုလ်တရားတွေကို ထောက်ပြတယ်။ "ငါ့ရှင်အနုရုဒ္ဓါ သင်သန္တာန်မှာ ရှိနေတဲ့ မာနကို သင်မှ မမြင်တာ။ ငါဟာ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ စကြာဝဠာတစ်ထောင်ကိုပင် ကြည့်နိုင်သူ ဖြစ်ပါလျက်ဆိုတဲ့အတွေးဟာ မာနအတွေးပဲ။ မာနဆိုတာ အကုသိုလ်တရား။ ဒါကို သင် သတိမမူတာ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ သမာဓိတွေလည်း ကောင်းနေတယ်။ သတိတွေလည်း ကောင်းနေတယ်။ ဝီရိယတွေလည်း ကောင်းနေတယ်။ ဒါပေမဲ့ ငါရဟန္တာတော့ မဖြစ်သေးဘူး။ တစ်ခုခုတော့ မှားနေပြီထင်ရဲ့ ဆိုတဲ့ အတွေးတွေ။ ဒီလိုတွေးတာက ဥဒ္ဓစ္စ။ ဘာကြောင့် ကိလေသာကုန်တဲ့ ရဟန္တာအဖြစ်ကို မရနိုင်သလဲလို့ ပူပန်နေတဲ့အတွေးက ကုက္ကုစ္စ။ ဒါတွေ အားလုံးဟာ သိမ်မွေ့တဲ့ အကုသိုလ်တရားတွေ ဖြစ်တယ်"။

အကုသိုလ်တရားတွေဆိုတာ မြူမှုန်လေးတွေလိုပဲ မျက်လုံးထဲရောက်သွားရင် ခိုးလို့ခုလို့ ဖြစ်ပြီး မျက်စိအမြင်မကြည်နိုင်သလို၊ ကိလေသာတရားတွေဆိုတာ နည်းနည်းပဲရှိရှိ၊ များများပဲ ရှိရှိ ရဟန္တာအဆင့်သို့ ရောက်နိုင်ဖို့အတွက် အဟန့်အတားဖြစ်နေတတ်တယ်ဆိုတာ သတိပြုဖို့ပါ။

တရားအားထုတ်နေသူများလည်း ငါက တရားတွေကို သူများထက် ပိုသိတယ်။ သူများထက် ငါက တရားပိုထိုင်နိုင်တယ် စတဲ့အတွေးမျိုးတွေ ရှိနေသူများ သတိပြုစရာအချက်ပါ။ မာနသဘော သက်ရောက်နေခဲ့ရင် အားထုတ်သလောက် ခရီးရောက်မှာ မဟုတ်လို့ သတိပေးရတာပါ။

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ဆက်ပြီး - "ငါ့ရှင် အနုရုဒ္ဓါ၊ ဒါကြောင့် သင်ဘာကိုမှ တွေးမနေနဲ့။ နိဗ္ဗာန်ကိုသာ ဦးတည်ပြီး တရားအားထုတ်ပါ"လို့ ပြောပြီး အမှန်လမ်းပေါ်ကို တင်ပေးလိုက်တယ်။ ညွှန်ကြားတဲ့အတိုင်း တရားကို ဆက်လက်အားထုတ်လိုက်တော့ မကြာခင်မှာပဲ ရှင်အနုရုဒ္ဓါမထေရ်ရဟန္တာ ဖြစ်သွားတယ်။

ဒီဝတ္ထုကို ကောက်ချက်ချကြည့်တော့ ပါးပါးလေးသာရှိတဲ့ မာနတရားမျိုးဟာလည်း အရိယာအဖြစ်ကို တားမြစ်နိုင်သေးတာကို တွေ့ရတယ်။ မာနတရားတွေ ထူထူထဲထဲကြီးဖြစ်နေပြီး၊ မိုးထိနီးပါးထောင် လွှားနေတဲ့မာနရှင်များအတွက်



www.burmeseclassic.com

www.burmeseclassic.com



သတိတရားတွေ အချိန်မှီ ရနိုင်ကြဖို့ပါ။ အတွေး မမှန်ရင် တရားထူး၊ တရားမြတ်များကို ရနိုင်ဖို့ အတွက် အဟန့်အတားတွေ ဖြစ်နေတတ်တာမျိုး ကို ဉာဏ်နဲ့ယှဉ်ပြီး သုံးသပ်နိုင်ကြဖို့ပါ။

မာနဆိုတာ အကုသိုလ်(စေတသိက်) တရားဖြစ်လို့ ပယ်သင့်တဲ့တရားလို့ ဆိုရပေမဲ့ ရဟန္တာဖြစ်မှ ပယ်နိုင်တဲ့ တရားမျိုးမို့ မာနမရှိတဲ့ ပုထုဇဉ်ရယ်လို့ ဒီလောကမှာ မရှိနိုင်တာကတော့ သေချာပါတယ်။ ဒီတော့လည်း သူတော်ကောင်း တရားတွေကို ဖြစ်ခွင့်မရအောင် ပိတ်ပင် တားဆီး ထားတဲ့ မာနမျိုးမဟုတ်ခဲ့လျှင် အမျိုးဘာသာ သာသနာအတွက် အမျိုးသားရေး မာနဆိုတာ ရှိရမှာပဲ။

နိုင်ငံနဲ့လူမျိုး နိမ့်ကျနေတာ မြင်လို့ ပညာနဲ့ မြှင့်တင်ပေးနိုင်လို့ ပညာကို ကြိုးစား သင်တာ။ စီးပွားနဲ့မြှင့်တင်ပေးနိုင်ဖို့ အလုပ်ကို



ကြိုးစားလုပ်တာ။ ဒီလိုမာနမျိုးကိုတော့ မရှိခဲ့ရင် တောင် မွေးမြူပေးကြရမှာ။ ဒါက စာရေးသူရဲ့ အတွေးပါ။ အမြင်ခြင်းမတူလို့ အတွေးခြင်း မတူ ဖြစ်နေခဲ့ရင်လည်း ဘာသာနဲ့သာသနာ တိုင်းပြည်နဲ့ လူမျိုးအတွက် သင်တွေးတဲ့ အတွေးလေးကို သိပါရစေလား...။ ချမ်းသာစွာ အိပ်စက်နိုင်ကြ ပါစေ။

ဘိက္ခုဓမ္မပိယ (ITBMU)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပန်းခင်းလမ်းပေါ်မှ လျှောက်လှမ်းခဲ့ပါ

ယခုရက်များအတွင်း မြန်မာယဉ်ကျေးမှုနဲ့ မြန်မာ့ဓလေ့ထုံးစံများကို များများတွေးမိတယ်။ ကြီးကျယ်ခန်းနားလှတဲ့ ကျောင်းတိုက်ကြီးတွေ၊ ရိပ်သာကြီးတွေကို တည်ထောင်သွားတော်မူကြတဲ့ ဆရာတော်ကြီးများအကြောင်း၊ သူတို့ မျှော်လင့်ခဲ့တဲ့ သူတို့ရဲ့အနာဂတ်ခရီး။ မြို့ပြပြည်ရွာများကို တည်ဆောက်သွားကြတဲ့ ရှင်ဘုရင်များနဲ့ နိုင်ငံခေါင်းဆောင်များအကြောင်း၊ သူတို့မျှော်လင့်ခဲ့တဲ့ သူတို့ရဲ့ အနာဂတ်ခရီး-စတဲ့ အတွေးတွေက စုံနေတယ်။



ဖြစ်ရပ်စုံတဲ့ ဤလူ့ဘုံမှာ တွေးမယ်ဆိုရင် အတွေးတွေက တစ်မျှော်တစ်ခေါ်ကြီး ဖြစ်မှာ။ ကြီးကျယ်ခမ်းနားထည်ဝါတဲ့ ကျောင်းတိုက်ကြီးများ၊ ရိပ်သာကြီးများကို တည်ထောင်သွားတော်မူကြတဲ့ ဆရာတော်ကြီးများရဲ့ အတွေးအမြင်တွေက ဘယ်သို့ရှိပါလိမ့်။ ဒီကျောင်းတိုက်ကြီးများ၊ ဒီရိပ်သာကြီးများရဲ့ အနာဂတ်အရေးတွေကို ဆရာတော်ကြီးများ ဘယ်လိုစဉ်းစားကြပါလိမ့်။

သူတို့အတွက်ပေလော။ သာသနာတော်အတွက်ပေလော။ နောင်လာနောက်သားတွေအတွက်ပေလော။ စဉ်းစားမိလို့ပါ။ နောက်ပြီး သူတို့က ပန်းပျိုးသူတွေလား။ ပန်းခူးသူတွေလား။ စဉ်းစားကြည့်မိတယ်။

လူတိုင်းရဲ့ဘဝမှာ လောကဓံဆိုတဲ့ တိုက်ပွဲတွေကို ရင်ဆိုင်ကြရတယ်။ ရှောင်ကွင်းမရလို့ တိုက်ပွဲတွေမှာ ပါဝင်ဆင်နွှဲကြရတယ်။ လူ့ပတ်ပန်းကျင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တဲ့ လောကဓံတွေ၊ ဘဝအရေးနဲ့ဆိုင်တဲ့ လောကဓံတွေ၊ လွတ်လပ်မျှတမှုမရှိလို့ အခွင့်အရေးတွေတောင်းဆိုရတဲ့လောကဓံတွေ၊ အားရှိအားမဲ့ကြားမှာ အားပြိုင်ရတဲ့လောကဓံတွေ၊ ကိုယ်ကျင့်သိက္ခာနဲ့ဆိုင်တဲ့ လောကဓံတွေ၊ ရင်ဆိုင်ရတဲ့လောကဓံတိုက်ပွဲတွေက အများသား။

ဒီတိုက်ပွဲတွေမှာ လူအတော်များများဟာ အားနဲ့၊ မာန်နဲ့၊ ဇွဲနဲ့၊ လုံ့လနဲ့၊ ဘဝတိုက်ပွဲတွေကို ဆင်နွှဲခဲ့ကြလို့ အောင်ပွဲအလီလီ ခံနိုင်ခဲ့ကြတယ်။ နိုင်ငံရေးနယ်ပယ်မှာလည်း အကျဉ်းစံဟီရိုးများဟာ နောက်ဆုံးမှာတော့ လွတ်မြောက်ခြင်းနဲ့ လွတ်လပ်ခြင်းဆိုတဲ့ အောင်ပွဲကို ခံယူနိုင်ခဲ့ကြတယ်။

ငယ်ရွယ်သူများမှာဆိုရင်လည်း ဂုဏ်တံတိုင်းတွေခြံရံထားပြီး မာနတို့၊ အတ္တတို့ဆိုတဲ့ အစောင့်တွေ ထူထဲစွာချထားတဲ့ လူအဆင့်အတန်းလို့ ဆိုနိုင်တဲ့ စံနန်းအိမ်ကြီးများကို ကျော်ဖြတ်ပြီး



ပိုင်ဆိုင်လိုသူကို ဇွတ်အတင်း ထုတ်ယူနိုင်ခဲ့တဲ့ စွန့်စားမှုမျိုးတွေဟာလည်း လူငယ်လူရွယ်တို့ရဲ့ လူတန်းစားတိုက်ပွဲလို့ ဆိုရမှာပဲ။

မိသားစုရှိသူများမှာ ဆိုရင်လည်း စံနန်းအိမ်ကြီးတွေနဲ့အပြိုင် ကိုယ့်ရဲ့အိုးပိုင်၊ အိမ်ပိုင်တွေဖြစ်အောင် အံကိုခဲ၊ လက်များကို ခိုင်ခိုင်တွဲလျှက် သားသမီးတွေရဲ့ ဘဝရှေ့ရေးအတွက် ဘဝတိုက်ပွဲများကို မညီးမငြူ ဆင်နွှဲနိုင်ခဲ့ကြတယ်။ နောက်ဆုံးမှာတော့ သူတို့လည်း အောင်ပွဲအဆင့်ဆင့် ရခဲ့ကြတာပဲမဟုတ်လား။

တိုက်ပွဲတွေအလီလီ အောင်နိုင်လာခဲ့ပြီး၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်စံနန်း(အိမ်)တွေနဲ့ အသီးသီး နေနိုင်လာကြတဲ့အခါမှာတော့ သူတို့အာလုံး အရှုံးတွေနဲ့ ရင်ဆိုင်ကြရတော့တယ်။ ကိုယ်ပိုင်ဘဝနဲ့ဆိုင်တဲ့ လောကဓံတိုက်ပွဲတွေမှာ ရှုံးမှန်းမသိရှုံးကြရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အတ္တမာနရဲ့သားကောင်၊ တဏှာလောဘရဲ့ ကျေးကျွန်တွေ ဖြစ်မှန်းမသိ ဖြစ်ကုန်ကြရတော့တယ်။ ဒီအခါမျိုးမှာ လွတ်လပ်စွာ တွေးခေါ်နိုင်စွမ်းတွေ မရှိတော့ပဲ အဝိဇ္ဇာရဲ့အမှောင်ထုအောက်မှာ မဟာသူရဲကောင်းကြီးတွေရဲ့ဘဝဟာ အချုပ်နှောင်ဘဝတွေထဲ ရောက်မှန်းမသိ ရောက်ကြရတော့တယ်။

ဟိုအရင်အခါများကဲ့သို့ မိမိမှာ အားအင်ရှိ၊ မရှိ စမ်းသပ်တဲ့အနေနဲ့ အတ္တဟိတ (ကိုယ့်ကျိုးစီးပွား) အကျိုးစီးပွားနဲ့ ပရဟိတ (သူတစ်ပါး အကျိုးစီးပွား) အကျိုးစီးပွား ဒီစစ်ပွဲနှစ်ခုကို စိန်ခေါ်တိုက်ခိုက်ကြည့်တယ်။ ရှင်ဘုရင်ဆိုတွေလည်းကျရှုံးတယ်။ တိုင်းပြည်ခေါင်းဆောင်ဆိုသူတွေ၊ တိုင်းပြည်ရဲ့ဟီးရိုးဆိုသူတွေ၊ အိမ်ရဲ့အရှင်သခင်ဆိုသူတွေအားလုံး ဒီအတ္တစစ်ပွဲမှာပဲ ကျဆုံးခဲ့ကြရတယ်။



အရာအားလုံးဟာ ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့ဖို့၊ ငါ့မိသားစုဖို့။ ထိုမှတစ်ပါး အခြားမရှိ နိုင်တော့ပြီမဟုတ်လား။ တချို့များဆို ဒီစစ်ပွဲမျိုးကို ဆက်မတိုက်လိုတော့ပဲ ငါရှုံးပါပြီလို့ ကြွေးကျော်ပြီး၊ လုံးလုံးကြီးကို လက်နက်ချ၊ အရှုံးပေးလိုက်တော့တယ်။

တကယ်တော့ ပိုက်ကွန်တွင်းမှာ ဖမ်းမိနေတဲ့ ငှက်များ ဥပမာလိုပဲ။ ပိုက်ကွန်တွင်းမှ လွတ်မြောက်နိုင်တဲ့ငှက်ဆိုတာ တစ်ကောင်စ၊ နှစ်ကောင်စလောက်သာ ရှိနိုင်သလို၊ အတ္တဟိတဆိုတဲ့ စစ်ပွဲမှ လွတ်မြောက်နိုင်သူများဟာလည်း တစ်ယောက်စ၊ နှစ်ယောက်စပဲရှိပေလိမ့်မယ်။

မဟာသူရဲကောင်းကြီးတို့ရဲ့ ကျဆုံးချိန်ဆိုတာ ဒီအချိန်မျိုးပဲလား၊ သူရဲ့ကောင်းတို့ရဲ့ အမှောင်တိုင်းပြည်ဆိုတာဟာလည်း ဒါမျိုးပဲလားလို့ စဉ်းစားမိပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပရဟိတစစ်မြေပြင်မှာ အောင်နိုင်သူ သူရဲကောင်းကြီးများလို့ သမိုင်းတွင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ ဘုရားလောင်းတွေလို ထူးခြားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ထူးများ။ ရာဇဝင်တွင်ခဲ့တဲ့ အများအကျိုးပြု ပရဟိတလုပ်ငန်းများကို အားသွန်ခွန်စိုက် ပြုသွားကြတဲ့ အသောကလို မင်းတရားမျိုး၊ အနော်ရထာလို မင်းတရားမျိုး၊ ယနေ့ မျက်မှောက်ခေတ်မှာ ထင်သာမြင်သာရှိလှတဲ့ ထိုင်းဘုရင်ဘူမိဘောလို ရှင်ဘုရင်မျိုး၊ ဒီလိုပုဂ္ဂိုလ်မျိုးတွေပါ။

သူတို့ရဲ့ ပရဟိတလုပ်ငန်းများဟာ ပြည်သူတွေအတွက် အကျိုးကျေးဇူးတွေ ဖြစ်ထွန်းလို့ "ရှင်ဘုရင်ကြီး သက်တော်ရာကျော်ရှည်ပါစေ" ဆိုတဲ့ မေတ္တာပို့ ဆုတောင်းသံတွေဟာ မိုးချုန်းသံမျှ ဘဝင်ထိအောင် ပျံ့ဟီးနေခဲ့တယ်။ အတ္တဟိတနဲ့ ပရဟိတစစ်ပွဲမှာ ပရဟိတ စစ်ပွဲကို နိုင်အောင်နွှဲနိုင်သူက နည်းပါးလွန်းနေတော့ ပရဟိတလုပ်ငန်းများကို



ကိုယ်ကျိုးမဖက် ဆောင်ရွက်နေသူတွေကို ချီးမြှင့်တဲ့ နိုဘယ်ငြိမ်းချမ်းရေးဆု (Nobel Peace Prize) ဆိုတာမျိုးတွေဟာလည်း ခေတ်သစ်ကမ္ဘာမှာ ပေါ်ထွန်းလာခဲ့တယ်။

အတ္တဟိတသမားများက များပြားလွန်းနေတော့ ကမ္ဘာလူသားများအလယ်မှာ ပရဟိတစိတ်ထားရှိသူတို့ရဲ့ ကျေးဇူးဂုဏ်ဆိုတာ ဒါမျိုးပါလို့ ပြည်သူတွေကို သိကြားစေခြင်းပါ။

ကျောင်းတိုက်ကြီးများ၊ ရိပ်သာကြီးများကို တည်ထောင်သွားတော်မူကြတဲ့ ဆရာတော်ကြီးများ (သံဃာတော်များ)နှင့် သူတို့ရဲ့သာသနာရေး အခန်းကဏ္ဍများကို မှုမှုတတ သုံးသပ်တင်ပြပါရစေ။

လောကမှာ လမ်းနှစ်လမ်းရှိတယ်။ ခရေပင်လမ်းနဲ့ ပန်းခင်းလမ်း။ ခေါင်းဆောင်ကောင်းတို့ဆိုတာ ကိုယ်ရဲ့ နောက်လိုက်ငယ်သားများကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ပန်းခင်းလမ်းပေါ်မှာပဲ လျှောက်လမ်းစေချင်ကြတယ်။ ဒါဟာ သူတို့ရဲ့ မွန်မြတ်တဲ့စေတနာလို့ ဆိုရမှာပါ။

ဒါကြောင့် သူတို့ ကျောင်းတိုက်ကြီးတွေတည်တယ်။ ကျောင်းကြီးတွေ ဆောက်တယ်။ ကျောင်းတိုက်ကြီးတွေ တည်တဲ့အခါမှာ ရည်ရွယ်ချက် နှစ်မျိုးနဲ့ တည်ကြတာကို တွေ့ရတယ်။ တချို့ ဆရာတော်ကြီးက ကိုယ့်ကျောင်း၊ ကိုယ့်တိုက်တာများ ကြီးပွားတိုးတက်အောင် ဆောင်ရွက်ကြတယ်။ တချို့ကသာသနာ့အဆောက်အဦးများ တိုးတက်ကြီးပွားဆောင်ရွက်ကြတာကို တွေ့ရတယ်။

အဲဒီလို အားထုတ်ကြတဲ့အခါမှာ တစ်ချို့ဆရာတော်ကြီးများက အမျှော်အမြင်ကျယ်ကျယ်နဲ့ တပည့်များကို သည်းခံပြီး မွေးကြတယ်။ ရလာတဲ့ လာဘ်လာဘများကို တပည့်များနဲ့အတူ မျှဝေသုံးစွဲတယ်။ ပညာရေးတွေ ထူးထူးချွန်ချွန် ဖြစ်အောင်



သင့်တော်တဲ့ စာသင်တိုက်ကြီးများသို့ ပို့ဆောင်အပ်နှံပေးတယ်။

ခေတ်သမိုင်းက တောင်းဆိုလာတဲ့ ဘာသန္တရပညာရပ်များ တတ်မြောက်နိုင်ဖို့ နိုင်ငံရပ်ခြား၊ တိုင်းပြည်များသို့ သင့်တော်တဲ့ တပည့် ရဟန်းများကို ပို့ဆောင်ပေးတယ်။ ဒီလို ချီးမြှောက်မှုတွေကို ပြုတယ်။ တပည့်များအပေါ်မှာထားရှိတဲ့ သူတို့ရဲ့ မေတ္တာစေတနာတွေဟာ အမေတစ်ယောက်၊ အဖေတစ်ယောက်ရဲ့ ကရုဏာမျိုးပါ။

ဆရာသမားများရဲ့ ချီးမြှောက်မှုများကို မရခဲ့ကြတဲ့ အတူနေတပည့် သူငယ်ချင်းများကို တွေ့ကြတဲ့အခါ သူတို့ဘဝတွေဟာ ပညာရေး၊ လူမှုရေးက အစ အစစအရာရာ ဘယ်လောက် ကွာခြားနေတယ်ဆိုတာ ကိုယ်တိုင်သိကြရတာ။ စဉ်းစားနိုင်ဖို့ပါ။

တစ်ချို့ ဆရာတော်ကြီးများကတော့ မိမိတို့မှာ ပစ္စည်းဥစ္စာများ ပိုလျှံနေအောင် ပေါများ

www.burmeseclassic.com

www.burmeseclassic.com



နေသော်လည်း ပညာရေးစသည်များမှာ အမျှော်အမြင် အားနည်းခြင်း။ ခေတ်အမြင်များ အားနည်းခြင်း-စတဲ့ အကြောင်းများကြောင့် တပည့်များရဲ့ ပညာရေးမှာ စိတ်ဝင်စားမှု အားနည်းနေတတ်ကြတယ်။

ကျောင်းတိုက်မှာပဲ မရှိအတူ၊ ရှိအတူ အနေမျိုးနဲ့ အတူနေစေပြီး၊ သင့်တော်တဲ့ စာသင်တိုက်ကြီးများ၊ ကမ္မဋ္ဌာန်းရိပ်သာများ၊ နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ဘာသန္တရစာပေများကို သွားရောက်၍ ပညာသင်ကြားနိုင်ရန် အားပေးခြင်း၊ ထောက်ပံ့ကူညီခြင်းများ၌ စိတ်မဝင်စားနိုင်ကြပေ။

အမွေဆက်ခံရေး ကိစ္စမျိုးလည်း ကျောင်းတိုက်ကြီးကို ထိန်းသိမ်းနိုင်မဲ့ ပညာပြည့်ဝတဲ့ တပည့်ကြီးများ မရှိကြ၍ ကျောင်းကြီး၊ ကန်ကြီးတွေက ကြီးကြီး၊ အမွေအနှစ်တွေက များများ၊ တပည့်များရဲ့ ပညာအရည်အချင်းများက နည်းပါးဆို



တော့ အမွေဆက်ခံနိုင်မဲ့သူနဲ့ ကြီးမားတဲ့ ကျောင်းတိုက်ကြီးတွေကြားမှာ ဂုဏ်နဲ့ဂုဏေား မမျှတနိုင်အောင် ဖြစ်ခဲ့တယ်။

ဒီအရေးတွေကို မြင်တော်မူလို့ ဆရာတော်ကြီးများက ပညာအရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်များကို ခေါ်ယူထားပြန်တော့လည်း နောက်မှပေါက်တဲ့ ရွှေကြာမျိုးမို့ လက်ရှိတပည့်များရဲ့ စိတ်ထဲမှာ ဘုရားလက်ထက်က ဆန္နမထေရ်ရဲ့ စိတ်ဓာတ်ကို အတုယူထားကြလေသလားမသိ။ ငါ့ဆရာ၊ ငါတို့ ကျောင်းရယ်လို့ အထင်ရောက်နေခဲ့ကြတယ်။

ကျောင်းတိုက်ကို အုပ်ချုပ်နိုင်တဲ့ အရည်အချင်း ရှိတဲ့ပုဂ္ဂိုလ်များကို ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်အောင်ဖြစ်နေခဲ့ကြတယ်။ မထေရ်ငယ်၊ မထေရ်ကြီးတို့ရဲ့ကြားမှာ လောကဓံ တိုက်ပွဲတွေ ပြင်းထန်လာမဲ့ အခြေအနေများ ရှိလာတော့ ပညာအရည်အချင်းရှိတဲ့ ရဟန်းတော်များဟာ လာလမ်းအတိုင်း ပြန်လှည့်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မြန်မာပြည်မှာ ကြီးကျယ်ခမ်းနားထည်ဝါတဲ့ ကျောင်းတိုက်ကြီးများ၊ ရိပ်သာကြီးများဟာ နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်စွမ်းမရှိတဲ့ တပည့်သံဃာတော်များရဲ့လက်ထဲသို့ ရောက်ရှိသွားကြတာ များပါတယ်။ ဒီလိုဖြစ်ရတဲ့ကိစ္စမျိုးမှာ ဦးဆောင်သံဃာတော်များနဲ့ ဒကာ ဒကာမများရဲ့ ပယောဂတွေလည်း မကင်းနိုင်ဘူးလို့ ဆိုရမှာပါ။

ကျောင်းတိုက်ကြီးများ၊ ရိပ်သာကြီးများကို စီမံနိုင်ခွင့်ရှိတဲ့ ဆရာတော်များ၊ မိဘဘိုးဘွားအစဉ်အဆက် ကိုးကွယ်လာကြတဲ့ ဒကာ ဒကာမအများစုဟာ သနားကြင်နာတဲ့ ကရုဏာစိတ်ကိုအခြေခံထားကြတာဆိုတော့ ဆရာတော်ဘုရားကြီးများရဲ့ အရိုက်အရာကို အမွေခံနိုင်တဲ့ ရဟန်း သံဃာတော်များကို ရှာဖွေရကြတဲ့အခါ အရည်ချင်းရှိရှိ၊ မရှိရှိ မိမိတို့နဲ့နီးစပ်ရာ ရဟန်းသံဃာတော်များကိုသာ ရွေးချယ်တတ်ကြတယ်။



သံယောဇဉ်စိတ်၊ သနားကြင်နာစိတ်၊ ရင်းနှီးစိတ်နဲ့ ထိုရဟန်း သံဃာတော်များကိုပဲ ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတိုက်ကြီးတွေကို အပ်နှံခဲ့ကြတယ်။ ကျောင်းတိုက်ကြီးတွေက ကြီးမား၊ အဆောက်အဦးတွေက များပြား၊ အုပ်ချုပ်နိုင်တဲ့ စွမ်းရည်ကနည်းပါး၊ ဘာပြောကောင်းမလဲ။

မကြာမီမှာပဲ ခမ်းနားကြီးကျယ်တဲ့ ကျောင်းတိုက်ကြီးတွေဟာ မထိမ်းနိုင်၊ မသိမ်းနိုင်ဖြစ်ပြီးပျက်စီးကုန်တော့တယ်။ တစ်ခါက ဒီကျောင်းတိုက်ကြီးများရဲ့ အရေးကို "ကျောင်းငယ်တွေကို စုပေါင်းပြီး တစ်မြို့မှာ ကျောင်းကြီးတစ်ကျောင်းထဲ ပြုလုပ်လို့မရဘူးလား"ဆိုတဲ့ ဒကာကြီးတစ်ယောက်ကလျှောက်ထားဖူး၍ ထည့်သွင်း ဆွေးနွေးလိုက်ခြင်းပါ။ ဝိုင်းဝန်းစဉ်းစားနိုင်ဖို့ပါ။

နောက်တစ်ခု ဖြစ်နိုင်ခြေရှိတာက ဘာသနာကို ထောက်ပံ့နေကြတဲ့ ဒကာ ဒကာမများဟာ

www.burmeseclassic.com

www.burmeseclassic.com



သာသနာကို ပညာနဲ့သဒ္ဓါ ဘက်မျှစွာ ထားပြီး ကိုးကွယ်ဆည်းကပ်နိုင်တဲ့ စွမ်းရည်များ နည်းနေတာကို တွေ့ရတယ်။ ဒီကြားထဲ အတ္တ မာနတွေက အစွန်းထွက်နေတော့ ကိုးကွယ်မှုများမှာလည်း အစွန်းထွက်နေတာကို တွေ့ရတယ်။ နည်းနည်းလေး ရှင်းပြပါရစေ။

အများစုဟာ သာသနာကို ကိုးကွယ်တဲ့နေရာမှာ သံဃာကို ကိုးကွယ်ခြင်းမျိုးထက် ဆရာကို ကိုးကွယ်ကြတာများတယ်။ "ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်" "ပုဂ္ဂိုလ်ကြိုက်မှ တရားဆိုက်တယ်" ဖြစ်နေကြတယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှုနဲ့ သံဃာကိုးကွယ်မှု ရောထွေးနေကြတယ်။ ဒါကြောင့် ရှေးဆရာတော်ကြီးက "သံဃာကို ဆရာကွယ်တယ်" လို့ ဆိုမိန့်ခဲ့ကြတယ်။

လှူတဲ့တန်းတဲ့အခါ၊ သံဃိကဒါနမျိုး သက်ရောက်အောင် လှူဒါန်းတတ်သူ အရေအတွက်က



နည်းနည်းလာတယ်။ အတ္တစွန်း၊ မာနတွေ စွန်းထွက်နေသူများဆိုရင် ရဟန်းသံဃာများကို ကိုးကွယ်ကြတဲ့အခါမှာ မိမိစိတ်ထားနဲ့တူတဲ့ ရဟန်းသံဃာမျိုးမှ၊ မိမိအကြိုက်ကို မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ မိမိဘက်ကလိုက်ပြီး ပြောဆိုတတ်တဲ့ ရဟန်းသံဃာမျိုးမှ လှူချင်၊ ဒါန်းချင်ကြတာ။

သူတို့စိတ်နဲ့ ထပ်တူထပ်မျှ မကျနိုင်တော့တဲ့ ရဟန်းသံဃာတော်များဆိုရင်တော့ ဘိုင့်ဘိုင်ပဲပေါ့။ သာသနာမျက်နှာကို ကြည့်တတ်သူက အတော်ကို ရှားလာပြီလို့ ဆိုရမှာပဲ။ ဒီထဲမှာ စည်းရုံးရေး အားကောင်းသူ၊ ငွေကြေးမနဲ့ အထိုက်အလျောက် ပြည့်စုံသူ ဖြစ်နေခဲ့မယ်ဆိုရင် ကိုယ်စွမ်းပြနိုင်ဖို့ ကျောင်းသစ်တည်ထောင်ပေးတာမျိုးတို့၊ စည်းရုံးပေးတာမျိုးတို့၊ တဖက်သားရဲ့ ဂုဏ်သိက္ခာကို ချေဖျက်တာမျိုးတို့ကို စတင်ပြုလုပ်ကြတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ အိမ်သာသာရှိတဲ့ ကျောင်းငယ်လေးတွေ မှိုလို ပေါက်နေတာ။ စိတ်ဝင်စားဖို့ကောင်းတယ်။ အကျိုးဆက်အနေနဲ့ ဒီအတွေးအခေါ်တွေက ပြည်သူတွေနဲ့အတူ နိုင်ငံခြားကို ပါလာတယ်။ ဘယ်သူ့ကိုမှ အပြစ်တင်နေခြင်း မဟုတ်ပါ။ တစ်စိတ်တစ်ပိုင်း ထင်ဟပ်နေတဲ့ မြန်မာလူမျိုးတို့ရဲ့ စိတ်ဓာတ်ကို သိစေချင်လို့ပါ။

ဒီလို အတွေးအခေါ်မျိုးတွေ ရှိနေပါလျက် တချို့မြန်မာတွေက (အမေရိကမှာရှိတဲ့ မြန်မာတွေက) မြန်မာ ကျောင်းတွေကို အခြား လူမျိုးများ (ထိုင်း၊ ကမ္ဘောဒီယား စသည်)ရဲ့ ကျောင်းကြီးတွေနဲ့ နှိုင်းခိုင်းပြီး ပြောချင်ကြတယ်။ မြန်မာတွေရဲ့ စိတ်ဓာတ်တွေ မပြုပြင်နိုင်သေးသမျှ ကာလပတ်လုံး "ရှင်မတုနဲ့ ရှက်စရာ" လို့သာ ဆိုလိုက်ချင်ပါရဲ့။

နောက်တစ်ခု ဖြစ်နိုင်ခြေရှိသေးတာက ဒကာ ဒကာမအများစုဟာ နာမည်ကြီး၊ ဘုန်းကြီး၊



အခြေအရံကြီးမှ ကိုးကွယ်ချင်ကြတာ၊ လှူဒါန်းချင်ကြတာ။ ဗေဒင်ယကြာများ တတ်ထားရင် ပိုပြီးတောင် သဘောကျတတ်ကြတာ။

ကျမ်းဂန်များမှာ ဂုဏ်နဲ့ကျော်ကြားမှုကို အလေးပြုပြီး ကိုးကွယ်တတ်တဲ့ ဦးရေပမာဏ (ယောသပမာဏ) ဟာ ငါးပုံ ပုံရင် လေးပုံရှိတယ်လို့ ဖော်ပြထားလို့ မြန်မာတို့ ကိုးကွယ်တဲ့နည်းက စာနဲ့ပေနဲ့ညီနေတယ်လို့ပဲ ပြောရလေမလားမသိ။ စိတ်ဝင်စားဖို့ကောင်းတယ်။ ဒကာ ဒကာမများက ဂုဏ်ရှိမှ ကိုးကွယ်ချင်ကြတာဆိုတော့ တစ်ချို့ ရဟန်း သံဃာတော်များဟာ ဂုဏ်ရှိရေးကို သဲသဲမဲမဲ အားထုတ်ကြတော့တယ်။

တစ်ချို့ ဒကာ ဒကာမများဟာ သဒ္ဓါသာ ရှိပြီး၊ ပညာက အားနည်းနေတော့ ယောက်ျားမှန်ရင် "ဦး" တပ်လို့ရတဲ့ ဂုဏ်ပုဒ်မျိုးနဲ့ အလားတူတဲ့၊ ရဟန်းတော်မှန်ရင် ဘွဲ့ရဲ့ရှေ့မှာ တပ်လို့ရတဲ့ "ဘဒ္ဒန္တ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဂုဏ်ပုဒ်ကို တစ်ဂုဏ်တစ်ခဲကြီး ထင်နေကြတယ်။

ဒါကြောင့် "ဘဒ္ဒန္တ" ပါတယ် ဆိုရင်ပဲ တကယ့် ဂရိတ်ကြီးထင်ပြီး ကြည်ညိုလို့ မဆုံး၊ အမှန်းတင်လို့မဆုံး။ ဒီအရေးတွေကို မြင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန်းတော်များကို "မရသေးတဲ့ တရားထူး၊ တရားမြတ်များကို မိမိမှာ ရထားပြီလို့ ဝါကြွား ပြောဆိုရင် ပါရာဇိက။ ရထားတဲ့ တရားထူး၊ တရားမြတ်များကိုပင် လူသာမဏောတို့အား ပြောကြားရင် ပါစိတ် အာပတ်သင့်စေ" လို့ ပညတ်တော်မူခဲ့ရတာ။ သာသနာကို စောင့်ရှောက်နိုင်ဖို့ ပညတ်တော်မူခဲ့တာပါ။ အနာဂတ်ကို ကြိုတင်မြင်တော်မူတဲ့ မြတ်စွာဘုရားပါ။

နောက်တစ်ခု ဖြစ်နိုင်ခြေရှိနေသေးတာက ဟောရေး၊ ပြောရေးကဏ္ဍ။ မြတ်စွာဘုရားရဲ့ သာသနာကို ကဏ္ဍနဲ့ ခွဲပြောရင် (၁) ပရိယတ္တိ



သာသနာ (၂) ပဋိပတ္တိသာသနာ (၃) ပဋိဝေဓသာသနာရယ်လို့ သာသနာသုံးရပ်ရှိတယ်။

အဲဒီသာသနာတော်သုံးရပ်ကို "ပ" သုံးလုံးသာသနာလို့ ဆိုကြတယ်။ အဲဒီသာသနာကို ထောက်ပံ့ကြတဲ့အခါမှာ ဟောရေး ပြောရေးကို မှီပြီး လူအများက အလှူဒါနကို ပြုကြတယ်။ ဟောတဲ့ ပုဂ္ဂိုလ်က ဆင္ဒဂ်ဒါနသုတ္တံမျိုး၊ ဝေလာမဇာတ်တော်မျိုးကို စောင်းပေးဟောဆိုရင် အဲဒီအချိန်ကစပြီး အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ပြီး လှူဒါန်းကြတော့တယ်။

ဆင္ဒဂ်ဒါန သုတ္တံမှာ ကုသိုလ်ဒါနပြုရာမှာ အကျိုးများစွာ ရရှိနိုင်ရေးအတွက် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ပြီး လှူဒါန်းကြရမယ်။ ရွေးချယ်တဲ့အခါမှာ (၁) လောဘကင်းပြီးတဲ့ပုဂ္ဂိုလ် (သို့မဟုတ်) လောဘကင်းအောင် အားထုတ်နေဆဲပုဂ္ဂိုလ် (၂) ဒေါသကင်းပြီးတဲ့ပုဂ္ဂိုလ် (သို့မဟုတ်)

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကင်းအောင် အားထုတ်နေဆဲပုဂ္ဂိုလ် (၃) မောဟကင်းပြီးတဲ့ပုဂ္ဂိုလ် (သို့မဟုတ်) မောဟကင်းအောင် အားထုတ်နေဆဲပုဂ္ဂိုလ်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေကို လှူဒါန်းရင် အကျိုးကျေးဇူး ဘယ်လောက်များနိုင်သလဲဆိုရင် သမုဒ္ဒရာရေကို ပြည်တို့ တောင်းတို့နဲ့ ချင့်တွက်ပြီး ရေတွက်မပြနိုင်သလို ရရှိနိုင်တဲ့ ကုသိုလ်ကျိုးကို ရေတွက်ပြလို့ မရနိုင်ဘူးတဲ့။ ဘုရားဟောထားတဲ့တရားပါ။

ဒီလို ဘုရားဟောဒေသနာက ရှိထားလေတော့ ကုသိုလ်ပြုရင် အကျိုးများများ ရချင်တဲ့ ပုထုဇဉ်များဟာ ကုသိုလ်ကျိုးများများရဖို့ ပုဂ္ဂိုလ်ကို ရွေးပြီး လှူတော့တာပေါ့။ ဒါကြောင့် သာသနာလောကမှာ ပြောဆိုနေကြတာကတော့ မြန်မြန်ကြီးပွားချင်ရင် ရိပ်သာတည်ထောင်ပါတဲ့။ စဉ်းစားနိုင်ဖို့ပါ။

ရိပ်သာပြီးရင် စာသင်တိုက်များက ကြီးပွားနိုင်တဲ့ အခွင့်အလမ်းမှာ ဒုတိယနေရာမှာ ရှိတယ်



လို့ ဆိုရမှာပါ။ ကျမ်းဂန်များမှာ - သာသနာတော်သုံးရပ်မှာ ပဋိဝေဓသာသနာက ကြာနဲ့တူတယ်။ ပဋိပတ္တိသာသနာက ရေနဲ့တူတယ်။ ပရိယတ္တိသာသနာက ကန်ဘောင်ကြီးနဲ့တူတယ်။ ကြာပန်းတွေ အမြဲလန်းနိုင်ဖို့ ရေရှိရမယ်။ ရေတွေ ကန်ကြီးထဲမှာ အမြဲတည်ရှိနိုင်ဖို့ ရေကန်ဘောင်ကြီးတွေ ခိုင်ခံ့ရမယ်ဆိုတဲ့ ကျမ်းဂန်စကား ရှိထားတယ်။

ဒီတော့ ရေကန်ဘောင်ကြီးနဲ့ တူတဲ့ ပရိယတ္တိသာသနာတော်ကြီး ခိုင်ခံ့မှ သာသနာ သုံးရပ်စလုံး ခိုင်ခံ့မှာဖြစ်တယ်။ ဒါကြောင့် ပရိယတ္တိ သာသနာတော်ကြီးခိုင်ခံ့အောင် လှူဒါန်းထောက်ပံ့ခြင်းဟာ သာသနာပြု ကုသိုလ်ဖြစ်တယ်ဆိုတာ သိကြတော့ ပရိယတ္တိသာသနာကို ကြိုးစားပြီး ထောက်ပံ့လာကြတယ်။ ဝမ်းသာစရာပါ။

ဒါပေမဲ့ ဂုဏ်မထယ်တဲ့ စာသင်တိုက်တွေမှာတော့ အထောက်အပံ့များ နည်းပါးမြဲနည်းပါး၊

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလေးပါးလည်း ရှားပါးမြဲ ရှားပါးနေဆဲ ဆိုတာကို သတင်းစကားပါးလိုက်ချင်ပါရဲ့။ ဗုဒ္ဓသာသနာတော်မြတ်ကြီးရဲ့ အနာဂတ်အရေးကို ခေတ်အမြင်နဲ့ သုံးသပ်ပြောဆိုရရင် ရင်အေးနိုင်စရာ အကြောင်းမရှိပါ။

အဘယ့်ကြောင့်ဆိုသော် သာသနာ့အဖွဲ့အစည်းများ မခိုင်မာခြင်း၊ ကျောင်းထိုင်၊ ကျောင်းပိုင်ရွေးချယ်ရာ၌ အရည်အချင်းထက် ပုဂ္ဂိုလ်ကို ဦးစားပေး ရွေးချယ်နေခြင်း၊ ကျောင်းကြီး၊ ကျောင်းငယ်တွေ များသလောက် နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးစီးပွား၊ သာသနာတော်ရဲ့ အကျိုးစီးပွားကို လုပ်ကိုင်ပေးတဲ့ ရဟန်းသံဃာတော် အရေအတွက်မှာ များသလောက် နည်းပါးနေသေးခြင်း၊ ခေတ်နှင့် လျော်ညီစွာ ပညာရေးစနစ်များကို ပြုပြင်ပြောင်းလဲနိုင်မှု မရှိသေးခြင်း၊ သာသနာပြုလုပ်ငန်းများ၌ ပရဟိတလုပ်ငန်းများကို ခေတ်ကာလအလျောက် တောင်းဆို



နေမှုများကို လျစ်လျူရှုထားကြတဲ့ ရဟန်း သံဃာတော်အရေအတွက်က များလွန်းနေသေးခြင်း- စတဲ့အကြောင်းများကြောင့် ရတက်မအေးနိုင်သူတို့အတွက် ရင်အေးနိုင်စရာမရှိပါ။

သာသနာတော်သုံးရပ် ရေရှည်တည်တံ့နိုင်ရန် ပရိယတ္တိသာသနာတော်သည် အရေးကြီးကြောင်း ဖေါ်ပြပြီး ဖြစ်တယ်။ သို့သော် ထိုပရိယတ္တိသာသနာနှင့်တူတဲ့ ကန်ဘောင်ကြီးကို စံနစ်တကျခြံစည်းရိုးကာရံထားခြင်း (သို့မဟုတ်) လုံခြုံသောအစောင့်အရှောက်များကို ချထားခြင်း-စတဲ့ လုပ်သင့်လုပ်ထိုက်တာများကို ပြုလုပ်မထားနိုင်ခဲ့ကြရင် ကန်ဘောင်ကြီးကို ဖျက်ဆီးလိုသူတို့က အလွယ်တကူချိုးဖေါက်နိုင်ခြင်း၊ ရေကန်ထဲသို့ အညစ်အကြေးများ စွန့်ခြင်း၊ အဆိတ်ခပ်ခြင်း-စသည်များကို ပြုလုပ်နိုင်၍ တိုးတက်နေတဲ့နိုင်ငံများ၊ လူ့အခွင့်အရေး အပြည့်အဝရှိတဲ့ နိုင်ငံများ၌ သောက်ရေ၊ သုံးရေ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အသုံးပြုတဲ့ ရေလှောင်ကန်ကြီးများကို ခြံစည်းရိုးကာရံထားခြင်း၊ အစောင့်အရှောက်များကို ချထားခြင်းများ ပြုလုပ်ထားသည်ကို တွေ့မြင်နိုင်တယ်။

ဒီနေရာမှာ အထူးပြု ပြောချင်တာက ပရဟိတလုပ်ငန်းများဟာ ရေကန်ဘောင်ကြီးကို တည်တံ့နိုင်ဖို့ ကန်ထဲမှာ ရေများ အမြဲတမ်း တည်ရှိနေဖို့နဲ့ ကြာပန်းလေးများ အမြဲလန်းဆန်နိုင်ဖို့ကို လုံးခြုံမှုပေးနိုင်တဲ့ ခြံစည်းရိုးနှင့် တူနေကြောင်း သတိပြုနိုင်ကြဖို့ပါ။

အရာရာတိုင်းဆိုသလို မဲနဲ့ဆုံးဖြတ်တဲ့ ယနေ့ခေတ်ကမ္ဘာ၏ကျင့်ထုံးများ၌ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင် ဦးရေများ အလွန်အကျွံ နည်းပါးသွားခဲ့ရင် ဦးရေများတဲ့ ဘာသာဝင်များရဲ့ သာသနာဟာ နိုင်ငံတော်ရဲ့ ဘာသာ၊ သာသနာဖြစ်သွားနိုင်တယ်ဆိုတာ အမျိုး၊ ဘာသာ၊ သာသနာကို မြတ်နိုးသူတိုင်း သတိရှိနိုင်ကြဖို့ပါ။



"မြေမျို၍ လူမျိုးမပျောက်၊ လူမျိုမှ လူမျိုးပျောက်သည်" ဆိုတဲ့ အဆိုရှိထားသော်လည်း ဒီခေတ် ဒီအခါ၌ ထိုအဆိုသည် ရာနှုန်းပြည့် မှန်သည်ဟု မဆိုနိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် လူမျိုက လူမျိုးမပျောက်နိုင်ပါ။ ပျောက်သွားနိုင်တာက ဘာသာ၊ သာသနာယဉ်ကျေးမှု အမွေအနှစ်များပါ။ လူမျိုးဆိုတာကတော့ ရှိမြဲရှိနေမှာပါ။

ဥပမာ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှာ သာသနာတော့ ကွယ်သွားခဲ့တယ်။ မလေးလူမျိုး၊ အင်ဒိုနီးရှားလူမျိုးတွေကတော့ ရှိမြဲရှိနေဆဲပါ။ တွေးတောဆင်ခြင်နိုင်ဖို့ပါ။

မြန်မာနိုင်ငံ၏ ခေတ်သမိုင်းအတွက် အရေးကြီးလှတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေတဲ့ ပရဟိတ သာသနာ (သို့မဟုတ်) ပရဟိတလုပ်ငန်းများရဲ့ အရေးပါမှုကို ဟောပြောပေးသူ၊ ရေးသား

www.burmeseclassic.com



ပေးသူများ နည်းနေသည်ကို တွေ့ရတယ်။ အလှူရှင်များ ရှုဒေါင့်မှ ကြည့်မည်ဆိုရင်တော့ ပရဟိတကျောင်းများမှာ ရောက်ရှိနေကြတဲ့ ကိုရင်များ၊ ကျောင်းသားများ၊ သိက္ခာရှင်များ၊ ကျောင်းသူများကို လှူဒါန်းဖို့၊ ပေးကမ်းဖို့ ခက်ခဲနေမည်မှာ သိသာနိုင်ပါတယ်။

သို့သော် ထိုကလေးများကို ဗုဒ္ဓဘာသာရဟန်း သံဃာတော်များက စောင့်ရှောက်ထားရင် ထိုကလေးများဟာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်လာကြမည်မှာ ၉၉% ရာခိုင်နှုန်း သေချာသလောက်ရှိပါတယ်။

ထိုကလေးများရဲ့ နှလုံးသားမှာ ဓမ္မစေတီများ တည်ထားပေးကြမယ်ဆိုရင် ကျောင်းသားတစ်ယောက် စေတီတစ်ဆူ၊ ကျောင်းသားတစ်ရာ စေတီတစ်ရာ၊ ကျောင်းသားတစ်ထောင် စေတီတစ်ထောင်မျိုး တည်ပေးခြင်းကဲ့သို့ ကြီးမားသော



ကုသိုလ်ကျိုးများကို ရရှိနိုင်ကြမှာပါ။ လှူဒါန်းတဲ့ ပစ္စည်း ကြီးမားဖို့က အဓိကလား၊ စိတ်စေတနာက အဓိကလားဆိုတာ သဘောပေါက်နိုင်ဖို့ပါ။

ကုသိုလ်ပြုရာ၌ ကျေးဇူးများနိုင်ဖို့ အလေ့အထနှစ်မျိုးရှိကြောင်းကို သိထားဖို့ပါ။ အလှူခံကို ရွေးချယ်၍ ကုသိုလ်ပြုခြင်းဟာ အရိသာဝကတို့ရဲ့ အလေ့အထလို့ဆိုရမှာပါ။ အလှူခံကို ရွေးချယ်ခြင်း မပြုပဲ အလှူခံပုဂ္ဂိုလ်များ အဆင်ပြေမှု၊ ဆင်းရဲငတ်မွတ်မှုဘေးမှ လွတ်မြောက်မှုကို အဓိကထားပြီး ပရဟိတအကျိုးများမှုကိုသာ ပဓာနထားပြီး၊ ကုသိုလ်ပြုခြင်းဟာ ဘုရားအလောင်းတော်တို့ရဲ့ အလေ့အထပါ။

ဘုရားလောင်းတော်တို့ ကုသိုလ်ပြုရာမှာ အတ္တဟိတ အကျိုးစီးပွားထက် ပရဟိတအကျိုးစီးပွားကို အလေးထား၍ စိတ်ကြည်ကြည်လင်လင်နဲ့ ကုသိုလ်ဒါနများကို ပြုခဲ့ကြတာကြောင့် လောက

www.burmeseclassic.com

www.burmeseclassic.com



တွင် အတူမရှိ၊ အတုမရှိတဲ့ ကုသိုလ်ကျိုးကို ရခဲ့ခြင်းပါ။ ကုသိုလ်ဒါနပြုရာမှာ အလှူခံပုဂ္ဂိုလ်များအပေါ်မှာထားတဲ့ စေတနာနှင့် အသိဉာဏ်ပညာတို့ဟာ မည်မျှအရေးကြီးကြောင်း သိနိုင်ဖို့ပါ။ အရိယာသာဝကများရဲ့ ကုသိုလ်ပြုနည်း၊ ဘုရားလောင်းများရဲ့ကုသိုလ်ပြုနည်း၊ ဒီနှစ်နည်းကို ကြိုက်ရာရွေးချယ်နိုင်ဖို့ပါ။

အမျိုး၊ ဘာသာ၊ သာသနာတော်အတွက်ဆိုရင် ပြောချင်တာတွေကတော့ တစ်ပုံတစ်ပင်ကြီး ရှိနေတာ။ ဒါပေမဲ့ ဘယ်သူမဆို ဖြစ်နိုင်ရင်တော့ အပြောလျှော့ပြီး တိုင်းကျိုး၊ ပြည်ကျိုး၊ သာသနာတော် အကျိုးများဖို့ ကိုယ်လုပ်ပေးနိုင်သလောက် လုပ်ပေးကြဖို့ပါ။

ဒီနေရာမှာ အမေရိကန်သမ္မတ ဂျွန် အက်ဖ် ကနေဒီ (Jhon F. Kennedy)က ပြောဖူးတယ်။ “တိုင်းပြည်က သင်အတွက် ဘာလုပ်ပြီးပြီလဲ မမေးပါနဲ့၊ သင်က တိုင်းပြည်အတွက် ဘာတွေ လုပ်ပြီးပြီလဲ”လို့မေးပါတဲ့။ အတုယူနိုင်ဖို့ပါ။ အခုတော့ ကိုယ့်စိတ်နဲ့ သဘောမတိုက်ဆိုင်ရင် ပြောချင်ရာ ပြောတာမျိုး၊ ဆဲရေးတိုင်းထွာနေတာမျိုးကတော့ အမျိုး၊ ဘာသာ၊ သာသနာတော်အတွက် ဘာမှ ဖြစ်လာနိုင်မှာ မဟုတ်ပါ။



တကယ်တော့ အချိန်တွေ၊ လုပ်အားတွေ၊ အရင်းအနှီးတွေ များစွာစိုက်ထုတ်သွားကြတဲ့ ဆရာတော်ကြီးများ၊ တိုင်းပြု ပြည်ပြု ရှင်ဘုရင်များ၊ တိုင်းပြည်ခေါင်းဆောင်းများရဲ့ မေတ္တာ၊ စေတနာတွေကို နားလည်နိုင်သူတို့အတွက်တော့ သူတို့စေတနာကို တန်ဖိုးဖြတ်၍မရပါ။

သူတို့ရဲ့ အနာဂတ် မျှော်မှန်းချက်များကြောင့် ခမ်းနားလှတဲ့ ကျောင်းတိုက်ကြီးတွေ၊ ရိပ်သာကြီးတွေ၊ မြို့ပြ၊ ပြည်ရွာတွေကို တည်ထောင်သွားကြတယ်ကို သတိရနိုင်ဖို့ပါ။ လေးလေးနက်နက်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားစေချင်တာကတော့ ကျောင်းတိုက်ကြီးများ၊ ရိပ်သာကြီးများ၊ မြို့ပြပြည်ရွာများကို တည်ဆောက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ အတ္တဟိတအကျိုးအတွက်ပေလော၊ (သို့မဟုတ်) နောက်လာနောက်သားတွေရဲ့ ပရဟိတ အကျိုးအတွက်ပေလော။ မျှမျှတတစဉ်းစားနိုင်ကြဖို့ပါ။

ကျောင်းတိုက်ကြီးများရဲ့ ဖေါင်ဒါများ ဖြစ်ကြတဲ့ တချို့ဆရာတော်ကြီးများဟာ ကိုယ်ဖြစ်ချင်တဲ့ပုံစံနဲ့ အံဝင်ဂွင်ကျ ဖြစ်အောင် ကျောင်းအဆောက်အဦးကြီးများကို ကြိုးစားတည်ဆောက်ခဲ့ကြပေမဲ့ ထိုကျောင်းကြီးတွေပေါ်မှာ တစ်နှစ်၊ နှစ်နှစ်လောက်သာ နေသွားရရှာပြီး ပျံလွန်တော်မူသွားကြရှာတာ။

တချို့များဆို ကျောင်းကြီးမပြီးခင် ပျံလွန်တော်မူသွားကြတာ။ သူတို့ရဲ့ဘဏ္ဍာတွေ၊ သူတို့ရဲ့ဝတ္ထုကြေးငွေတွေကို အသုံးမပြုပဲ အထုတ်ကြီးထုတ်ပြီး ထိုအထုတ်ကို လုံးဝမဖြေပဲ ထားခဲ့မယ်ဆိုရင်



ဘာဖြစ်သွားနိုင်လဲ။ အများဆုံးဖြစ်နိုင်ခြေရှိတာကတော့ ကျောင်းကြီးတွေကို တည်ဆောက်မထားခဲ့ဘူး ဆိုရင် တစ်ဦးစ၊ နှစ်ဦးစလောက်သာ အကျိုးများနိုင်ဖွယ်ရှိပြီး၊ အများအတွက် အကျိုးရှိမယ်မဟုတ်ပါ။

တကယ်တော့ သူတို့ရဲ့မေတ္တာ၊ သူတို့ရဲ့စေတနာတွေဟာ နောင်လာနောက်သားတွေကောင်းစားဖို့ပါ။ နောင်လာနောက်သားတွေချမ်းချမ်းသာသာနဲ့ နေနိုင်ပါ။ အရိုးခံသဘောနဲ့ပြောရမယ်ဆိုရင် နောင်လာနောက်သားတွေကိုပန်းခင်းတဲ့လမ်းပေါ်မှာ ချမ်းချမ်းသာသာနဲ့ လျှောက်လှမ်းစေချင်တာဟာ ဆရာတော်ဘုရားကြီးများရဲ့အနှိုင်းမဲ့မေတ္တာ၊ စေတနာများလို့ဆိုရမှာပါ။

သူတို့မျှော်လင့်ထားတဲ့ အနာဂတ်ခရီးမှာသူတို့တည်ဆောက်သွားတဲ့ ပန်းခင်းလမ်းကြီးတွေက ဖြူးလို့။ သူတို့ရဲ့ မေတ္တာ၊ သူတို့ရဲ့ စေတနာ၊

www.burmeseclassic.com



သူတို့ရဲ့ ဆန္ဒတွေက သူတို့ရဲ့ အရိုက်အရာကို ခံယူကြမဲ့ သူတို့ရဲ့တပည့်များအား "မင်းတို့ ချမ်းချမ်းသာသာနဲ့ ပန်းခင်းလမ်းပေါ် မှာ လျှောက်လှမ်းကြပါ" လို့ မှာကြားနေတဲ့အသံကို ကြားရောင်နေမိဆဲပါ။
ချမ်းသာစွာ အိပ်စက်နိုင်ပါစေ။

ဘိက္ခုဓမ္မပိယ (USA)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအရှင်ဓမ္မပိယ(ပါဠိမဟာကွ)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

# တွေးစိတ်များရဲ့ နောက်ကွယ်မှာ

အတွေးစိတ်နဲ့
သာယာလှပတဲ့ ဘဝတစ်ခုကို ဖန်တီးနိုင်သလို
အတွေးစိတ်ကြောင့်လည်း
သာယာလှပတဲ့ ဘဝကြီးတစ်ခုလုံး
ပျက်စီးသွားနိုင်တယ်။
ဒါကြောင့် တွေးတဲ့အခါ
မှုမှုတတ တွေးတတ်ဖို့လည်း
လိုပေလိမ့်မယ်။

www.burmeseclassic.com